Panditarama  Melbourne Meditation Centre
51 Hope Street, Springvale VIC 3171
Australia Ph:+61-3-9574 1816

# ပဏ္ဍိတာရာမ မဲလ်ဘန်း သာသနာ့ရိပ်သာ (၇)ရက် တရားစခန်းပွဲဖိတ်ကြားလွှာ

ပဏ္ဍိတာရာမ မဲလ်ဘန်း သာသနာ့ရိပ်သာ (၇)ရက် တရားစခန်းပွဲကို တစ်ဖက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ရန် အလေးထား၍ ဖိတ်ကြားအပ်ပါသည်။

ပဏ္ဍိတာရာမ မဲလ်ဘန်း သာသနာ့ရိပ်သာ
ဓမ္မမိသားစုများ

## သတိပဋ္ဌာန်လမင်း

ရှင်တော်ဗုဒ္ဓ၊ သာသနာ့စေဟင်၊
သတိပဋ္ဌာန်လမင်း၊ ထိန်လင်းကြည်လင်၊
ရောင်ခြည်အေးမြ၊ ဖြာကျနေစဉ်၊
နိုးသူများ၊ ရှုပွား အပူစင်။

ကာမဂုဏ် မှောင်တိုက်၊ အိပ်ပိုက်သူတွေ၊
လင်ရေး မယားရေး၊ ရှုပ်ထွေး လိမ်ပွေ၊
သားရေး သမီးရေး၊ ပူဆွေး မျှောပွေ၊
လရောင်နှင့်၊ တွေ့ခွင့် မကြုံပေ၊
အပူမီး၊ ထိန်ညီး တောက်လောင်နေ။

## (၇)ရက်တရားစခန်းပွဲ အသိပေး ဖိတ်ကြားလွှာ

၁၃၊ ၁၂၊ ၂၀၀၉ ညနေ(၇)နာရီ မှ ၁၉၊ ၁၂၊ ၂၀၀၉ နေလည် (၁၂)နာရီအထိ (၇)ရက် တရားစခန်းပွဲကို Panditarama Melbourne Meditation Centre 51 Hope Street, Springvale တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ထိုတရားစခန်းပွဲတွင် ဗုဒ္ဓနည်းကျ ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနာနိဿယအတိုင်း ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီး၏ နည်းပေးလမ်းပြ ဗုဒ္ဓနည်းကျ ဆုံးမမှု ဩဝါဒအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားများကို တရားမှတ်ပုံမှတ်နည်း စင်္ကြံလျှောက်ပုံလျှောက်နည်းကစ၍ အသေးစိတ်အမူအရာများကို ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ မဲ(လ်)ဘန်းသာသနာ့ရိပ်သာနှင့် ပဏ္ဍိတာရာမ(ဆစ်ဒနီ)သာသနာ့ရိပ်သာများ၏ ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တပညာသာမိနှင့် ပဏ္ဍိတာရာမ မဲ(လ်)ဘန်းသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညောဘာသတို့က စာတွေ့လက်တွေ့ ပေါင်းစပ်ပြီး အင်္ဂလိပ်–မြန်မာ (၂)ဘာသာဖြင့် တရားဟော တရားပြသပေးမည် ဖြစ်ပါသည်။

ထိုတရားစခန်းပွဲတွင် လူမျိုးမရွေး, ဘာသာမရွေး, လူကြီးလူငယ် မရွေး, အယုတ်အလတ်အမြတ်မရွေး ဆင်းရဲချမ်းသာမရွေး စိတ်ဝင်စားသူတိုင်း တရားအားထုတ်လိုသူတိုင်း လာရောက်တရားအားထုတ်နိုင်ပါကြောင်း အသိပေး ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။ ။အလုပ်များမအားလပ်၍ (၇)ရက် တရားအားမထုတ်နိုင်ပါက မိမိအားလပ်သည့်အချိန်တွင် နေ့ယောဂီအဖြစ်ဖြင့်လည်းကောင်း, ညအိပ်ယောဂီအဖြစ်ဖြင့်လည်းကောင်း ယောဂီစည်းကမ်းအတိုင်း လာရောက်အားထုတ်နိုင်ပါသည်။ ဝေယျာဝစ္စကုသိုလ်များကိုလည်း မည်သူမဆို လာရောက်ကုသိုလ်ယူနိုင်ပါသည်။**

**တရားအားထုတ်လိုသူများ, ဝေယျာဝစ္စကုသိုလ်ယူလိုသူများ, အရဏ်ဆွမ်း, နေ့ဆွမ်းဆက်ကပ်လိုသူများ-----------**

ပဏ္ဍိတာရာမ မဲလ်ဘန်း သာသနာ့ရိပ်သာ ဖုန်း ၉၅၇၄ ၁၈၁၆
ဒေါက်တာနန်းစီစီဝင်း ဖုန်း ၀၄၂၅ ၇၅၄ ၂၅၃ များသို့
ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ပါသည်။

သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ကြမည့်ယောဂီများ မိမိအတွက် အအေးဒဏ်ကာကွယ်ရန် ခြုံစောင်များယူလာရပါမည်။ ခေါင်းအုံးနှင့် အိပ်ယာခင်းများကို ရိပ်သာအဖွဲ့မှ တာဝန်ယူမည်ဖြစ်ပါသည်။

တန်ဖိုးကြီးသော ပစ္စည်းအသုံးအဆောင်များ (လုံး၀)ယူမလာရပါ။ အသေးစိတ်စုံစမ်းလိုပါက အထက်ပါဖုန်းနံပါတ်များကို ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

**အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ**
**ပဏ္ဍိတာရာမ ဓမ္မမိသားစုများ**